

မြင့်သန်း

# စာဖတ်သူရဲ့ အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားတဲ့ စာပေအမြင်

# အမှာ

မည်သည့် အရေးအသားမျိုးတွင် မဆို၊ စာရေးသူတို့ ၏ ဦးတည်ချက်များ ပါသည် ချည်းဖြစ်သည် ။ ယုတ်စွအဆုံး၊ ရေးခြင်းတည်းဟူသော အပြုအမူသည် ပင် ရေးသားသူ၏ ဦးတည်ချက်ပါသော၊ အားထုတ်မှုတစ်မျိုးပင်ဖြစ်သည် ။ မည်သူမျှ (စာသင်စကလေးများမှ လွဲ၍ )၊ စာရွက်ပေါ်တွင် စာလုံးများကို (အပျင်းပြေ) ချ၍ မရေးသားကြချေ။ ဤအချက်မှာ စာရေးသားခြင်းနှင့် စကားပြောခြင်းတို့ ၏ အကြားမှ ကြီးမားသော ကွာခြားချက်တစ်ခုဖြစ်သည် ။ စကားပြောခြင်းသည် စာရေးခြင်းကဲ့သို့ အနှောင်တည်း၊ အထိမ်းအကွပ်များ စွာမရှိ၊ မြန်မာစာပေလောကတွင် ပို့(စ်)မော်ဒန်အယူအဆများကို အနက်ယူလွဲမှားစွာဖြင့် (အတင်း) ထိုးထည့်ကြစဉ်က “ ရေးချင်သလိုရေးကြသည် ” ဟူသော၊ မယောင်ရာဆီလူး အမြင်တစ်မျိုး လှုပ်လှုပ်ရွရွ ဖြစ်လိုက်သေးသည် ။ အတော်ပင် ကြောက်လန့်ဖွယ်ကောင်းသော အယူအဆတစ်ရပ်ဖြစ်သည် ။ ဖန်တီးမှုမဟုတ်သော အရေးအသားပြုခြင်းများ အပေါ်၊ တန်ဖိုးချပစ်သော အယူအဆတစ်ရပ်သာဖြစ်သည် ။ အကြောင်းအားလျော်စွာပင် ထိုအယူအဆမှာ အခါမလည်ခင် ကွယ်လွန်သွားသဖြင့် စာရေးသူများ အတွက် ဝမ်းမြောက်စရာဖြစ်တော့သည် ။

ဖန်တီးမှုမဟုတ်သော အချို့သော အရေးအသားများ သည် အသိပေး၍ ၊ အချို့မှာ သတိပေးသည် ဟု ဆိုရမည်။ မည်သို့ပင် မျိုးတူစုခွဲကြစေ၊ အရေးအသားတိုင်းသည် ဖတ်သူနှင့် လည်း ဆိုင်သည် (ဤတွင် ဖြီးဖတ်၊

ဖြီးတတ်များကို မဆိုလို)။ ဖတ်မည့် သူ မရှိသေးသရွေ့ အရေးအသားတိုင်းမှာ အသက်ဝင်မလာနိုင်သေး။ စာအုပ်များ သည် စာအုပ်စင်တွင် ရင်ဘတ်ကော့၍ နေနေသရွေ့ ဘာတန်ဖိုးမျှမရှိ (ရောင်းချမည့် တန်ဖိုးသည်ပင် ဝယ်သူရှိရန်လိုသေးသည် ။) ဖတ်သူရှိပါမှ စာအုပ်ထဲမှာ စာလုံးများ အသက်ဝင်လာကာ၊ အရေးအသား၏ တန်ဖိုးပေါ်လာခြင်းဖြစ်သည် ။ စာရေးသူ၏ အရေးအသားမှာ စာဖတ်သူ၌ တည်၍ အနက်ပေါ်ခြင်း၊ တန်ဖိုးရှိလာခြင်းဖြစ်သည် ။ သို့ရာတွင် မျောက်လက်ထဲ ရွှေတုံးရောက်ရတတ်သည့် ကိစ္စမှာ မူ လောက၏ ဓမ္မတာသာဖြစ်၍ မည်သူမျှ မတတ်နိုင်သော အနေအထားမျိုးလည်း ရှိသည် ။ ဝတ္ထု၊ ကဗျာစသည့် ဖန်တီးစာရေးသားခြင်းမျိုး မဟုတ်လေသော် ထိုအချက်ကို ထည့်သွင်းစဉ်းစားရန် မလို။

ဤစာအုပ်တွင် ပါသော အရေးအသားများကို နှစ်ကာလများ စာအုပ်တိုက်မှ ရွေးခြယ်စုစည်းထားခြင်းဖြစ်သည် ။ မဂ္ဂဇင်းများ တွင် ဖော်ပြခဲ့ပြီးသည် များ သာ ဖြစ်သည် ။ ကိုမိုးဝေကို ကျေးဇူးတင်ရပါသည် ။ ဤစာအုပ်တွင် မပါနိုင်သေးသည့် အချို့သော အရေးအသားများကို ဆက်လက်၍ စုစည်းထုတ်ဝေမည်ဟု သူကဆိုလေရာ ဆက်လက်ထုတ်ဝေဖြစ်၊ မဖြစ်မှာ “ ကိုမိုးဝေနှင့် နှစ်ကာလများ ” နှင့် သာ ဆိုင်ပါတော့သည် ။ ကျွန်တော့်အရေးအသားများ နှင့် ပတ်သက်၍ အပြစ်တင်လိုသော် သူ့ကိုပင် တိုက်ရိုက်တင်ကြစေချင်ပါသည် ။ ကျွန်တော်က ရေးရုံသာရေးပါသည် ။ သူ ထုတ်ဝေသောကြောင့် စာဖတ်သူများ ဖတ်ရခြင်းဖြစ်ပါသည် ။ အလားတူပင် ကျွန်တော့်အရေးအသားကို ဖတ်မိသဖြင့် ဖတ်သူတွင် အကြောင်းတစ်စုံတစ်ရာ ရရှိသဖြင့် ကျေနပ်မှုရသော်၊ သူ့ကိုပင် ကျေးဇူးတင်ကြစေချင်သည် ။ ဆိုခဲ့ပြီးသည့် အတိုင်း ကျွန်တော်က ရေးရုံသာရေးခြင်း ဖြစ်သည် ။

ရိုသေစွာဖြင့်

မြင့်သန်း

*

# ယုတ္တိဗေဒဒိုင်ယာလက်တစ်နဲ့ ထရိုင်ယာလက်တစ်ရဲ့ ကိစ္စ

**အမှာ**

(မကြာခင်က မိတ်ဆွေတစ်ဦးရဲ့ အီးမေး(လ်) ကနေတစ်ဆင့် စာတစ်စောင်ရောက်လာတယ်။ စာအတော်ဖတ်ပုံရတဲ့ လူတစ်ဦးဆီကပဲ။ စာအရ အထက်တန်းကျောင်းဆရာလို့ သိရပါတယ်။ သူသိချင်တာတွေကို မေးထားတာ။ အဆုံးမှာ တော့ ဒီလိုရေးထားတယ်။ “ အချိန်ရခဲ့ရင် ထရိုင်ယာလက်တစ် ဆိုတာကို ရေးပြစေချင်ပါတယ်။ စာအုပ်တစ်အုပ်ဖတ်ကြည့်သော်လည်း မရှင်းမရှင်းတွေသာ များ ပါသည် ။ မုန့်ကြိုးလိမ် အကောက်အယူ ( Blending concept ) ကိုလည်း ရှင်းပြစေချင်ပါသည် ။ မဂ္ဂဇင်းဆောင်းပါး အနေဖြင့် ဆရာရေးနေကျ ဆရာကိုတာရဲ့ ချင်းတွင်းမှာ ဆိုရင် ကောင်းမလားဘဲ ဆရာ အားလုံးဖတ်နိုင်တာပေါ့ ” သူ့အမေးကို အခြေခံ၍ ဤစာ ရေးဖြစ်သွားပါသည် ။ မေးသူက မူရင်းကို ဖတ်သည် လား၊ တစ်ဦးတစ်ယောက်ရဲ့ ဘာသာပြန်ကို ဖတ်သည် လားဟု ရေးမထား၍ မည်သို့မည်ပုံ နားမရှင်းကြောင်း မသိရ။ ဤအရေးအသားကိုမူ ကျွန်တော်၏ လမ်းပေါ်က လူတစ်ယောက် နားလည်ထားသော အတိုင်းအတာအတွင်းမှ ရေးသားလိုက်ပါသည် ။ မပြည့်မစုံ ဖြစ်နေခဲ့သော် မကျေနပ်ခဲ့သော် ခွင့်လွှတ်နိုင်က ခွင့်လွှတ်ကြစေချင်ပါသည် ။ ခွင့်မလွှတ်နိုင်သော် ရေးခွင့်ပြုသော ချင်းတွင်း အယ်ဒီတာ ကိုတာ့ကိုသာ အပြစ်တင်ကြပါ)

စာရဲ့ နောက်ဆုံးပိုဒ်ကို ဖတ်ပြီး ကျွန်တော် အံ့ဩမိတယ်။ ရယ်လည်း ရယ်ရတယ်။ ရယ်မိတာ Blending concept ကို “ မုန့်ကြိုးလိမ် အကောက်အယူ ” လို့ ဘာသာပြန်ထားတဲ့ အပိုင်းကို သဘောကျလို့ပါ။ ဘယ်လိုကြောင့် အဲဒီလို ဘာသာပြန်မှန်းတော့ မသိဘူး။ ကျွန်တော် ရန်ကုန်တက္ကသိုလ်မှာ ဘွဲ့လွန်စာတမ်း ရေးနေတုန်း ကျွန်တော်တို့ ထက်စောတဲ့ ကျောင်းသားကြီးတစ်ယောက်ရဲ့ ဘာသာပြန်ဆိုချက်တစ်ခုကို သတိရလိုက်မိတယ်။ Sense Organ ကို သိမှတ်ခံစားနိုင်သော သံစုံထွက် တီးမှုတ်ကိရိယာလို့ ဘာသာပြန်ထားလို့ ၊ သူဟာနဲ့ သူကတော့ ဟုတ်နေတာပဲ။ Sense ဆိုတာက သိမှတ်ခံစားနိုင်ခြင်း သဘော၊ Organ ဆိုတာက သံစုံထွက် တီးမှုတ်ကိရိယာဆိုပဲ။ ခုဟာ Blending concept ဆိုတာကိုတော့ ဘာကြောင့် ၊ ဘယ်သူ၊ ဘယ်လို ရည်ရွယ်ချက်နဲ့ မုန့်ကြိုးလိမ် အကောက်အယူလို့ ဘာသာပြန်တယ်ဆိုတာတော့ စဉ်းစားလို့ မရဘူး။ ဒဿနိကဗေဒတို့ ၊ စိတ်ပညာတို့ ၊ ဘာသာဗေဒတို့ စတဲ့ ပညာရပ်တွေမှာ အခြေခံ အထိုက်အလျောက် ရှိခဲ့ရင်ဖြင့် အဲဒီလို ဘာသာမပြန်မှာ သေချာတယ်။ Concept ဆိုတဲ့ စာလုံး၊ စကားလုံးကို အကောက်အယူလို့ လက်ခံထားရင်တောင် Blending ဆိုတာ မုန့်ကြိုးလိမ်မဟုတ်တာ သေချာတယ်။ Word by word, sense by sense အရ ဘာသာပြန်။ Metaphorical translation, metonymical translation အရ ဘာသာပြန်ပြန် Blending ဟာ မုန့်ကြိုးလိမ်တော့ မဖြစ်လောက်ဘူး ထင်တယ်။ မုန့်ကြိုးလိမ်ဆိုတာက ဆန်မှုန့်(ဂျုံမှုန့်၊ ပဲမှုန့် တစ်ခုခု) ကို စနစ်တကျနယ်ပြီး ကြိုးလိုလိမ်ကျစ်ပြီး လုပ်ထားတာ။ အရင်းခံက တစ်ခုတည်း၊ တစ်မျိုးတည်း၊ မုန့်တစ်ခုအဖြစ် အသွင်ပြောင်းသွားပေးတဲ့ အရင်းခံက တစ်ခုတည်းပဲ။ Blending concept က မတူတဲ့ Concept တစ်ခုနဲ့ တစ်ခု ရောယှက်သွားပြီး သိမှု၊ (သိနိုင်မှု၊ နားလည်နိုင်မှု) တစ်စုံတစ်ခုကို

ဖော်ထုတ်ပေးလိုက်တာပဲ။ ပညာရှင်တွေရဲ့ အလိုအရတော့ Blending ဟာ Integration သဘောပဲ။ ( ကြည့်ပါ၊ Fauconner, G and Turner, M ရဲ့ The way we think 2002) Cognitive Linguistics ဘာသာရပ်တို့လို လေ့လာမှုမျိုးမှာ မသိမဖြစ်၊ စာလုံး၊ စကားလုံးတစ်လုံးပဲ။ အကြောင်းသင့်တဲ့ အခါ အရှည်အကျယ် ဆွေးနွေးပါ့မယ်။ လောလောဆယ် ထရိုင်ယာလက်တစ်ကိစ္စ ဆွေးနွေးချင်ပါတယ်။ (ကျွန်တော့်ဆီ လှမ်းမေးတဲ့ လူငယ်ကတော့ “ ထွိုင်ယာလက်တစ် ”လို့ ရေးပါတယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့ သုံးစွဲနေကျတဲ့ အသံထွက်အတိုင်း ထရိုင်ယာလက်တစ်လို့ ပဲ ရေးပါရစေ။ ကျွန်တော်တို့ ကတော့ Tria ကို ထရိုင်ယာလို့ အသံထွက်လေ့ ရှိပါတယ်။ ကြိုက်သလို အသံထွက်နိုင်ကြပါတယ်)

ဆွေးနွေးတင်ပြချင်တဲ့ အကြောင်းတွေထဲမှာ တစ်ကြောင်းကတော့ လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ကန့်သတ်ဆွေးနွေးပွဲတစ်ခုမှာ အကဲဖြတ်မှုအတွင်း၌ ယုတ္တိဗေဒ သုံးမျိုးတို့ အတွက် တစ်နေရာရှိပါသလား” “Is there a place for three logic in assessment. ” ဆိုပြီး ကျွန်တော် ဆွေးနွေးခဲ့ဖူးပါတယ်။ အဲဒီအထဲက အချက်တစ်ချို့ကို ပြန်ပြီး တင်ပြချင်လို့ပါ။ အဓိက အချက်တစ်ရပ် အနေနဲ့ ကတော့ ထရိုင်ယာလက်တစ်ဆိုတာ အပေါ်မှာ လိုအပ်တာထက် ပိုပြီး လက်ခံမိကြမှာ စိုးလို့ ပါ။ သာမန်လူအများ စုကတော့ အပျင်းပြေဖတ်ရင်း အနက်ယူလွဲပြီး တစ်ဖက်စောင်းနင်း အထင်တကြီး ဖြစ်သွားကြတယ်။ ပညာရပ်ဆိုင်ရာ နယ်ပယ်ထဲကတောင် ထပ်ဆင့် စူးစမ်းလေ့လာမှုမရှိဘဲ လက်ခံလိုက်မိတာတွေ ရှိသွားတယ်။ သဘောတူ လက်ခံလိုက်မှုတွေ ရှိသလို ပြောင်ပြောင်ကြီး ငြင်းဆိုချက်တွေ ရှိပါတယ်။ ပြောမယ် ဆိုရင်တော့ ထရိုင်ယာလက်တစ်ဟာ ခုချိန်အထိ အသား သိပ်မကျနိုင်သေးဘူး။ ဒါကြောင့် လည်း ရဲရဲကြီး မသုံးစွဲရဲကြဘူး။ တစ်ကွက်ချန် သဘောမျိုးနဲ့ သုံးကြတာများ ပါ

တယ်။ ဒါကလည်း ပညာရပ်ဆိုင်ရာတွေထဲမှာ ကျင့်သုံးလေ့ရှိတဲ့ အလေ့အထတစ်မျိုးပဲ။ အရပ်ထဲမှာ လို ပါးစပ်ပြဲပြဲနဲ့ ထင်ရာအော်တိုင်း မဆင်မခြင်နဲ့ လက်ခံတာမျိုး မလုပ်ကြဘူး။ ပြဿနာတစ်ခုက ထရိုင်ယာလက်တစ်ကို တင်ပြတဲ့ အော်စကာအစ်(ချ) ဟာဇို Oscar Ichazo ဟာ ကျောထောက်နောက်ခံမျိုးစုံနဲ့ လာတဲ့ လူ ( အရပ်စကားနဲ့ ရှင်းအောင်ဆိုရရင် ဘိုးတော်ယောင်ယောင် လူမျိုးပဲ)။ ပညာရပ်ဆိုင်ရာ အခြေခံတစ်ခုနဲ့ လာတာ မဟုတ်ဘူး ။ သူပတ်သက်ခဲ့တာတွေက ဗုဒ္ဓဘာသာ၊ ဆူဖီ (ပါရှန်) တို့ ရဲ့ ကျင့်စဉ်၊ ကာလဘာ (ရေဝတီတို့ ) အယူအဆ၊ ကွန်ဖြူးရှပ် (စ) အဆုံးအမ၊ တာအိုအဆုံးအမ...........စတာတွေ အစုံပဲ။ သဗ္ဗရန်ပေါင်းပဲ၊ အရပ်စကားနဲ့ ဆိုရရင် ဟိုစပ်စပ်၊ ဒီစပ်စပ်ပဲ။ အင်တာဗျူးတစ်ခုမှာ သူကိုယ်တိုင်က ဖော်ထုတ်ပြောတဲ့ စကား တချို့က ဒီလိုပါ.....။

ကျွန်တော် အသက်ဆယ့်ကိုးနှစ်အရွယ်မှာ အသက်ခြောက်ဆယ်လောက်ရှိတဲ့ ပုဂ္ဂိုလ်ထူးကြီးတစ်ယောက်က ကျွန်တော့်ကို ရှာဖွေတွေ့ရှိသွားတယ်။ သူ့နာမည် ဖော်ထုတ်မပြောဆိုဖို့ ကျွန်တော် ကတိပြုထားပါတယ်။ သူတို့ က ဘွာနိုဇာရက်မှာ သိမှု၊ သိစိတ် စတာတွေနဲ့ ပတ်သက်ပြီး လေ့လာတဲ့ အဖွဲ့ကလေးတစ်ခုရဲ့ အဖွဲ့ဝင်ပဲ.....

သတိထားကြည့်ရင် ကျွန်တော့်ဆရာကို ထုတ်ဖော်ပြောလို့ မဖြစ်ဘူးဆိုတဲ့ အပြောအဆိုမျိုးဟာ ပညာရပ်ဆိုင်ရာ နယ်ပယ်ထဲမှာ အတော့်ကို သံသယရှိဖို့ ကောင်းတဲ့ အဆိုမျိုးပဲ။ ထားတော့ ဒီအချက်။

နောက်တော့ အရှေ့ဘက်ဆီ ခရီးထွက်ခဲ့တယ်။ ဟောင်ကောင်၊ အိန္ဒိယ၊ တိဗက်စတဲ့ နိုင်ငံတွေဆီပဲ၊

ကိုယ်ခံပညာ၊ အဆင့်မြင့်ယောဂ၊ ဗုဒ္ဓဝါဒ၊ ကွန်ဖြူးရှပ်(စ) ဝါဒ၊ အဂ္ဂိရတ်ပညာ စတာတွေကို လေ့လာခဲ့ပါတယ်။ နောက်တော့

အိမ်ပြန်လာခဲ့ပြီး တစ်နှစ်လောက်အကြာမှာ ကျွန်တော်ဟာ (သူ့အပြောအတိုင်း ရေးပြပါရစေ) Divine coma ခုနှစ်ရက်ကြာအောင် ရခဲ့တယ်။ အဲဒီက နိုးထတော့ ကျွန်တော် သိလိုက်တယ်။ ကျွန်တော်ဟာ လူသားတွေကို သင်ကြားပို့ချ ပေးရမယ်ဆိုတာပဲ......။

သူပြောတဲ့ Divine coma ဆိုတာကတော့ မြန်မာတွေ ပြောစကားနဲ့ဆိုရင် ဈာန်ဝင်စားနေတဲ့ သဘောပဲ။ ဈာန်အဆင့်ဆင့် မြင့်တက်နေတဲ့ သဘောပဲ။ ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက အော်စကာကို လက်ခံဖို့ ငြင်းဆိုဖို့ မဟုတ်ပါဘူး။ သူ့သိက္ခာချလိုက်ချင်လို့ လည်း မဟုတ်ဘူး ။ သူ့ရဲ့ မရေရာမှုတွေပဲ။ ၁၉၆၈ခုလောက်မှာ ချီလီနိုင်ငံက လူသူလေးပါး အသိနည်းလှတဲ့ အေရိကာမြို့ကလေးမှာ ကျောင်း(ဂိုဏ်းလို့ မြင်ချင်လည်း မြင်ပါ) ထောင်ပြီး သူရဲ့ သဗ္ဗရနံ့ပေါင်းအမြင်တွေကို အခြေခံပြီး ဒဿနပညာရပ် အဖြစ်ပို့ချခဲ့ပါတယ်။ နောက်တော့ အမေရိကမှာ တပည့်တပန်းတွေ ပေါ် လာပြီး အဲဒီဘက်မှာ ဂိုဏ်းခွဲတွေ စပြီးထူထောင်ခဲ့တယ်။ နောက်တော့ ထရိုင်ယာလက်တစ်နည်းကို တင်ပြလာတယ်။ တကယ်တမ်းမှာ တော့ ဒီနည်းက ရပ်ရှင်းတွေးခေါ်ရှင် အော့စပင်းစကီး Peter Demianovich Ouspenskii တင်ပြခဲ့တဲ့ စတုတ္ထနည်းလမ်း The Fourth Way မှာ အခြေခံထားတာပဲ။ အော့စပင်းစကီးအနေနဲ့ ထရိုင်ယာလက်တစ်လို့ မခေါ်ခဲ့တာဘဲရှိတယ်။ အော့စပင်းစကီးကလည်း ဒီနည်းကို သူ့ဆရာ ဂျော့ဂါဒ်ဂျီးယက်(၈) George Gurdijieff ဆီက ရတာ။ ဂျော့က ဂရိအာမေနီယံလူမျိုး။

သူရဲ့ ထရိုင်ယာလက်တစ်မှာ ပဓာနကျတဲ့ အမြင်တစ်ခုကတော့ ပြောင်းလဲခြင်း (သဘောဆိုတဲ့ စာလုံး၊ စကားထည့်ပြီး ပြောင်းလဲခြင်း သဘောလို့ ခေါ်ချင်လည်း ခေါ်ပါ) ဖြစ်ပြီး စကြဝဠာတစ်ခုလုံးမှာ အတည်မြဲဆုံးကတော့ ပြောင်းလဲခြင်းပဲလို့ လက်ခံထားတယ်။ ဒါက ဂရိရှေး

ဟောင်းတွေးခေါ်ရှင် ဟေရာကလိုက်တပ်(စ)၊ ဗုဒ္ဓ၊ တာအိုစတဲ့ အရှေ့တိုင်းပညာရှင်တွေ ပြောခဲ့တဲ့ သဘောတွေလိုပဲ။ သူက Material Manifestation Point ဆိုတာကို ထွင်လိုက်တယ်။ သဘောကတော့ မြန်မာလို ခပ်လွယ်လွယ်ဆိုရင် " ရုပ်အခြေခံအားဖြင့် ဖော်ထုတ်ပြဆိုသော (ထို) တစ်ခဏ" လို့ ဆိုလို့ ရကောင်းရမယ်။ လူ၊ လူအများ ၊ လူစုလူဝေး၊ အရာဝတ္ထု၊တိရစ္ဆာန်၊ စိတ်လှုပ်ရှားမှုစတဲ့ ဟာတွေ အားလုံးဟာ ကာလတရားရဲ့ အတိုင်းအတာ တစ်ခုအတွင်းမှာ (ဒါကတော့ဒါပဲလို့ ) ဖော်ထုတ်ပြဆိုရတဲ့ အနေအထားတစ်ခုပဲ။ အဲဒီအနေအထားကလည်း မြဲနေတာ မဟုတ်ဘူး ။ နောက်အနေအထားတစ်ခုဆီ ပြောင်းပြန်တယ်တဲ့ ။ အစ်(ချ)ဟာဇိုရဲ့ ထရိုင်ယာလက်တစ်မှာ ပြောင်းလဲခြင်းကို စာလုံးအမျိုးမျိုးနဲ့ တင်ပြခဲ့တယ်။ ဥပမာ Mutations, changes, transitions, movements, transformations စသဖြင့်ရေးတယ်။ တကယ်တမ်းဆိုလိုတဲ့ သဘောထား concept ကတော့အတူတူပါပဲ။ ထရိုင်ယာလက်တစ်ရဲ့ အဓိကကျတဲ့ သဘောထားကတော့ အဲဒါပဲ။ ပြောင်းလဲခြင်းရဲ့ သဘောသဘာဝ (Concept of change ကိုဆိုလိုတာပါ) ကို သိနားလည်ထားရင်ဖြင့် လူတွေအနေနဲ့ ရပ်တန့်မနေတဲ့ ဒီလောကကြီးကို ပိုပြီးနားလည်သဘောပေါက်လာကြနိုင်လို့ တွေးပုံခေါ်ပုံကို ပိုမိုနေရာပေး ချဲ့ထွင်လာနိုင်မယ်လို့ သူက ယူဆထားတယ်။ ထရိုင်ယာလက်တစ်မှာ ဘာသာစကား အခြေခံပြီး စာလုံး၊ စကားလုံးဖောင်းပွမှု အတော်များများ တွေ့ရနိုင်ရုံတင်မက အရှေ့၊ အနောက်၊ ဘာသာရေး၊ လူမှုရေး၊ ရူပဗေဒ ပညာရပ် အခြေခံတွေဆီက လွှန်မြောက်ထားတဲ့ အယူအဆ……စသဖြင့် ရောယှက်ထွေပြားမှုတွေကိုလည်း တွေ့ရနိုင်တယ်။

ရှေ့ကိုမဆက်ခင် ယုတ္တိဗေဒနဲ့ ဒိုင်ယာလက်တစ်ရဲ့ အကြောင်းကလေးတချို့ ကျွန်တော် တင်ပြချင်ပါတယ်။ ယုတ္တိဗေဒဟာ လူတွေရဲ့

အမြင်၊ ရှုထောင့်၊ တစ်စုံတစ်ရာကို ရှုမြင်သုံးသပ်လက်ခံတာပဲလို့ မြင်ထားဖို့ လည်း လိုအပ်တယ်ဆိုတာပါ။ ယုတ္တိဗေဒက လူတွေကို " ပြောင်းလဲခြင်း " " ပြောင်းလဲမှု " ..... စတာတွေနဲ့ ပတ်သက်လို့ တွေးလာဖို့ ၊ မြင်လာဖို့ ၊ ပြောဆိုလာကြဖို့ လုပ်ပေးတယ်လို့ တောင် ဆိုကြပါတယ်။ အစဉ်အလာ ယုတ္တိဗေဒ Traditional Logic ဟာ အယ်ရစ်စတော်တယ်ခေတ်ကတည်းက စခဲ့တဲ့ အတွေးအခေါ်စနစ်ပဲ။ ပေါ်လာတာ အတော်ကြာခဲ့ပြီလို့ ဆိုရမယ်။ ဒီတော့လည်း မပြည့်စုံတာ၊ လိုအပ်တာတွေ ပေါ်လာတယ် (စပ်လျဉ်းနေလို့ တစ်ခုရှင်းပြပါရစေ)။ ယုတ္တိဗေဒမှာ အစဉ်အလာ ယုတ္တိဗေဒ Traditional Logic နဲ့ ပုံစံအခြေပြုယုတ္တိဗေဒ Formal Logic တို့ အကြားမှာ ကွဲလွဲနေတဲ့ အခေါ်အဝေါ် (သတ်မှတ်ခေါ်ဆိုချက်) မတူပုံဘဲ။ ပညာရှင်ဟောန် Robert E.Horn လို ပုဂ္ဂိုလ်မျိုးတွေက အစဉ်အလာ ယုတ္တိဗေဒဟာ အယ်ရစ်စတော်တယ် Aristotle က ပုံစံအခြေပြု ယုတ္တိဗေဒပဲ။ ဒါကို သူက အစဉ်အလာ ယုတ္တိဗေဒလို့ သတ်မှတ်ခေါ်ဆိုရတာက ပြီးခဲ့တဲ့ နှစ်ငါးဆယ်လောက်အတွင်းမှာ ပုံစံအခြေပြု ယုတ္တိဗေဒဆိုတာဟာ ရပ်ဆလ် Bertrand Russell တို့ ၊ ဝှိုက်ဟက် Alfred North Whitehead တို့ တစ်တွေ တင်ပြပြောဆိုခဲ့တဲ့ သင်္ချာအခြေခံ ယုတ္တိဗေဒကို ကိုယ်စားပြုသလို ဖြစ်နေတဲ့ အတွက်ပဲလို့ ဆိုပါတယ်။ သူ့အမြင်ဟာ တရားပါတယ်။ တရားတယ်လို့ ဆိုရတာက ပုံစံအခြေပြု ယုတ္တိဗေဒထဲက ပုံစံတွေဟာ နောက်ပိုင်းမှာ သင်္ကေတကို အခြေပြုလာရင်း သင်္ချာဘက်ကို လမ်းခွဲထွက်သွားကြလို့ ပါ။ ဒီအရေးအသားမှာ တော့ အစဉ်အလာ ယုတ္တိဗေဒဆိုတာဟာ Traditional Logic လို့ ပဲ နားလည်စေချင်ပါတယ်။

ဒီကနေ့ ပညာမျက်စိနဲ့ ကြည့်ရင် အစဉ်အလာ ယုတ္တိဗေဒဟာ (အထူးသဖြင့် ပညာရပ်အခြေခံ) ကြံဆောင်တွေးဆချက်များ ၊ အဆုံးအဖြတ်ပြုအဆိုများ တည်ဆောက်ရာမှာ (ရံဖန်ရံခါ) မလုံလောက်တော့ဘူး

လို့ မြင်လာကြပါတယ်။ ဒါကလည်း အမှန်ပါပဲ။ မှန်တယ်ဆိုပေမယ့်လ ည်း လူတိုင်းအတွက်တော့ ဟုတ်ချင်မှ ဟုတ်မယ်။ မှန်ချင်မှ မှန်မယ်။ ဆို လိုတာက အစဉ်အလာ ယုတ္တိဗေဒဟာ ရပ်ဝန်းကိုလိုက်လို့ နေ့စဉ်ဘဝအ တွင်းမှာ အသုံးတည့်နေကြတုန်းပါပဲ။ တချို့ဖွံ့ဖြိုးတိုးတက်မှု နှောင်းတဲ့ လူ့အဖွဲ့အစည်းတွေ၊ တတိယကမ္ဘာတွေမှာ အစဉ်အလာ ယုတ္တိဗေဒကို တောင် နားမလည်၊ မသုံးတတ်တာတွေ ရှိနေပါသေးတယ်။ ပညာရှင်ဗီး အစ် Kenneth Weick တင်ပြခဲ့သလို Make sense of what we see within a particular logic ဆိုတာကို နားမလည်သေးတဲ့ လူတွေ၊ လူမျိုးစုတွေ အများကြီး ရှိပါသေးတယ်။ ဒီတော့ အစဉ်အလာ ယုတ္တိဗေဒကို မလုံ လောက်တော့ဘူးလို့ ပြောဆိုနေကြတာက များ သောအားဖြင့် ပညာရပ် ဆိုင်ရာ အဆောက်အအုံတွေနဲ့ ပညာရပ်အသီးသီး အခြေခံအသိပညာ ထုတ်လုပ်တဲ့ အဆောက်အအုံ အသီးသီး အောက်မှာ ပဲ။ ဒီတော့ သမိုင်းကြီး ပြီးဆုံးသွားပြီ ဆိုတုန်းကလို ဂလိုဘယ်လိုက်ဇေးရှင်း ဘာ ဘာညာညာ ကြွေးကြော်ခဲ့ကြတုန်းကလို၊ မျက်ကလူးဆန်ပျာဖြစ်ပြီး ကြောက်လန့်သွားကြစရာ မဟုတ်ပါဘူး။ သာမန်နေ့စဉ်ဘဝထဲက လူ တွေအနေနဲ့ နင်နေငါသွားထားလို့ ရတဲ့ ကိစ္စမျိုးပါ။ တစ်ခါက ယုတ္တိဗေ ဒရဲ့ စနစ်တွေကို မဟာဗျူဟာ အကဲဖြတ်မှုနဲ့ ဆက်စပ်ပြီး ဆွေးနွေးကြ တဲ့ အခါ သဘာပတိလုပ်တဲ့ ပညာရှင်ကြီးတစ်ဦးက ခုလိုပြောပြခဲ့ဖူးတ ယ်။

"ခင်ဗျားတို့ အနေနဲ့ ပိုမိုကောင်းမွန်လာတဲ့ ယုတ္တိဗေဒရဲ့ စနစ်တွေအ ကြောင်း၊ ယုတ္တိဗေဒရဲ့ အသုံးဝင်၊ အသုံးကျမှုအကြောင်း၊ ဆွေးနွေးကြမ ယ့်အတွက် ကျွန်တော်ဝမ်းလည်း သာပါတယ်။ သဘာပတိလုပ်ရလို့ ဂု ဏ်ယူပါတယ်။ ကျွန်တော့် အတွေ့အကြုံလေးတစ်ခု ပြောပြပါရစေ အင် မတန်တိုးတက်နေတဲ့ ကမ္ဘာကြီးရဲ့ တောင်ဘက်ခြမ်းက နိုင်ငံကြီးတစ်ခု

မှာ မြို့တော်ရဲ့ လေယာဉ်ပျံကွင်းသစ်တစ်ခု ထပ်ဆောက်ဖို့ ကိစ္စအတွက် လုပ်ကိုင်နေကြတာ၊ ဆယ်စုတစ်ခု မကတော့ပါဘူး။ အစိုးရအဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ပြောင်းသွားပေမယ့် လေယာဉ်ပျံကွင်းက ခုထိမဆောက်နိုင်သေးဘူး။ ခင်ဗျားတို့လို ပညာရှင်တွေက လေ့လာသုံးသပ်ပြီး ယုတ္တိစနစ်မျိုးစုံနဲ့ တွက်နေကြတာကိုး။ တစ်ချိန်တည်းမှာ ပဲ အတော်ကလေး ဆင်းရဲတဲ့ တတိယကမ္ဘာက နိုင်ငံတစ်ခုမှာ မြစ်ကူးတံတားဆောက်ဖို့ လုပ်ကြတယ်။ နှစ်နှစ်နဲ့ ပြီးသွားတယ်။ ကျုပ်ကလည်း သိချင်တာနဲ့ စုံစမ်းကြည့်တယ်။ ယှဉ်တွဲလေ့လာချင်တာလည်း ပါတယ်။ တံတားကို တာဝန်ယူရတဲ့ ဝန်ကြီးက အဆုံးအဖြတ်ပေးတာတဲ့ ။ ဘယ်လိုစနစ်တွေ တွက်ဆချက်တွေနဲ့ ဆုံးဖြတ်သလဲလို့ မေးကြည့်တော့ ဟိုဘက်ကမ်းမှာ နေတဲ့ သူ့နှမနဲ့ ယောက်ဖရဲ့ အိမ်နဲ့ အနီးဆုံးဖြစ်အောင် အမြန်ဆုံးဆောက်လို့ အမိန့်ပေးတာနဲ့ ညွှန်ကြားချက်အတိုင်း အမြန်ဆုံးပြီးအောင် ဆောက်လိုက်ကြသတဲ့ ။ ဒါပါပဲခင်ဗျာ၊ ခင်ဗျားတို့ ကို ကျွန်တော် စော်ကားတာပဲလို့ တော့ မမြင်စေချင်ပါဘူး။ အယ်ရစ်စတော်တယ်နဲ့ တောင် သိပ်မနီးစပ်သေးတဲ့ လူ့အဖွဲ့အစည်းတွေ ရှိသေးတယ်ဆိုတာကလေး သတိရစေချင်လို့ ပါတဲ့ ”

ဆွေးနွေးပွဲတက်လာတဲ့ လူတိုင်း ရယ်မိကြတယ်။ အဲဒီပညာရှင်ကြီး ဆိုလိုတာကို သဘောပေါက်ကြလိမ့်မယ် ထင်ပါတယ်။ အတွေးအခေါ်စနစ်ကြီးတစ်ခု ပေါ်ပေါက်လာတယ်ဆိုတိုင်း၊ အမြင်သစ်တစ်ခု ပေါ်ပေါက်လာတယ်ဆိုလေတိုင်း မျက်ကလူးဆန်ပျာဖြစ်ပြီး ဒီလိုမတွေးရင်၊ ဒါကိုမှုမသိရင် တို့ တော့နှောင်းပြီ၊ ဂျောင်းပြီလို့ တွေးပြီး သွေးလန့်နေစရာ မဟုတ်ပါဘူး။

မူလဆွေးနွေးချက်ကို ပြန်သွားပါရစေ။

အစဉ်အလာ ယုတ္တိဗေဒဟာ မလုံလောက်တော့ဘူးဆိုတဲ့ သဘောနဲ့ ပတ်သက်လို့ နမူနာ ပေးပါရစေ။ အစဉ်အလာ ယုတ္တိဗေဒထဲက အားလုံးကြားဖူးနေကျတဲ့

-A သည် A ဖြစ်၏ (ဆိုလိုတာက မောင်ဘဟာ မောင်ဘပဲဆိုတဲ့ သဘော။)

-A သည် A မဟုတ် (ဆိုလိုတာက မောင်ဘဟာ မောင်ဘမဟုတ်တဲ့ ဥပမာ ခွေး၊ ကြောင်၊ သစ်ပင်……စတဲ့ တခြားဟာ မဟုတ်ဘူး )။

-တစ်စုံတစ်ရာသည် A သို့မဟုတ် A မဟုတ်သာ ဖြစ်နိုင်သည် ။ နှစ်ခုစလုံးသော်လည်းကောင်း စပ်ကြား အနေအထားတွင် သော်လည်းကောင်း မဖြစ်နိုင်။ ဆိုလိုတာက မောင်ဘဆိုတာ လူဖြစ်ရင်ဖြစ်၊ ခွေးဖြစ်ရင်ဖြစ်၊ လူရော ခွေးရော မဖြစ်နိုင်ဘူး။ အဲဒီလိုပဲ လူလိုလို၊ ခွေးလိုလို စပ်ကြားအနေအထား မဖြစ်နိုင်ဘူး။

ဒါတွေဟာ အစဉ်အလာ ယုတ္တိဗေဒမှာ လက်ခံထားတဲ့ အဆိုတွေပဲ ( တကယ်တော့ Axiom လို့ ခေါ်ပါတယ်။ Axiom ရဲ့ သဘောကတော့ မှန်တယ်လို့ လက်ခံထားပြီး စနစ်တစ်ရပ်ရပ်အတွင်းမှာ သုံးစွဲနေတဲ့ အဆို၊ နိယာမ၊ သဘောထားစတဲ့ တစ်ခုခုပဲ။ ဒါပေတဲ့ မှန်ကိုမှန်တယ်ဆိုတဲ့ ယတိပြတ်သဘော မဆောင်ဘူး Not necessarily to be true မှန်ရမယ်လို့ အသေလက်ခံထားလို့ မရဘူး။ တချို့နေရာတွေမှာ စနစ်တစ်ခုအတွင်း အလုပ်ဖြစ်ရုံ သုံးစွဲဖို့ လက်ခံထားတာ။ ကျွန်တော်ငယ်စဉ်က ဆရာတချို့က မှန်ကို မှန်နေတဲ့ သဘော။ မူလပြကတော့ အမှန်တရား။ နဂိုကတည်းက မှန်နေတဲ့ သဘောလို့ ပြောခဲ့ကြဖူးတယ်။ တကယ်တော့ အဲဒီအယူအဆက ဆိုလိုရင်းက သွေဖည်ပြီး လက်ခံထားတဲ့ အမြင်တစ်မျိုးပဲ) အစဉ်အလာ ယုတ္တိဗေဒဟာ ဒီကနေ့ကာလမှာ မလုံလောက်ဘူးလို့ ဆို

လာကြတဲ့ ကိစ္စက အစဉ်အလာ ယုတ္တိဗေဒမှာ “ ပြောင်းလဲခြင်း ” ကို ထည့်သွင်းလက်ခံမထားလို့ ဘဲလို့ ဆိုလာကြတယ်။ (ပညာရှင်တချို့က တော့ အဲဒါလေးလိုနေရင် ထည့်လိုက်ပေ့ါလို့ ပြောတတ်ကြတယ်) ထင်သာမြင်သာအောင် နမူနာတစ်ခု ပေးပါရစေ။

ရှေ့မှာ ပြဆိုခဲ့တဲ့ Axiom ထဲက တတိယကိုကြည့်ပါ။“ တစ်စုံတစ်ရာသည် A သို့မဟုတ် A မဟုတ်သာ ဖြစ်နိုင်သည် ။ နှစ်ခုစလုံးသော်လည်းကောင်း၊ စပ်ကြား အနေအထားတွင် သော်လည်းကောင်း မဖြစ်နိုင် ” So mething is either.“A” or “ not ” ! but not both or in between မှာ A ကို ကွန်မြူနစ်။ A မဟုတ်ကို အရင်းရှင်လို့ အစားထိုးကြည့်ပါ။ တစ်ချိန်တစ်ခါက ကွန်မြူနစ်မဟုတ်ရင် အရင်းရှင်လို့ ဆိုတာကို လက်ခံခဲ့ကြတယ်။ ခုလက်တွေ့သဘောမှာ ကွန်မြူနစ်နိုင်ငံတွေရဲ့ စီးပွားရေး အခြေပြုအမူအရာတွေဟာ အရင်းရှင်နိုင်ငံတွေက အပြုအမူအတိုင်းပဲ။ ကွန်မြူနစ်ဝါဒ အခြေခံချုပ်ကိုင်မှုတွေ ရှိနေသလို အရင်းရှင်စနစ်ရဲ့ ယှဉ်ပြိုင်မှုအပြုအမူတွေလည်း ရှိနေတယ်။ A ဟာ A နဲ့ A မဟုတ် အကြားတစ်နေရာမှာ ရပ်တည်နေတယ်။ ဒီတော့ အစဉ်အလာ ယုတ္တိဗေဒမှာ ပြောင်းလဲခြင်းကို ထည့်စဉ်းစားထားတဲ့ အပိုင်း မပါတာဘဲ (အစဉ်အလာ ယုတ္တိဗေဒဟာ (အရည်အချင်း) ပြောင်းလဲခြင်းကို ထည့်မစဉ်းစားတဲ့ အတွက် ပြောရမယ်ဆိုရင် Logic of qualitative consistency ပဲ။ ဒိုင်ယာလက်တစ်ဟာ Logic of qualitative development ပဲ။ တစ်နည်းဆိုရရင် အတွင်းသားသဘောအရ ယုတ္တိစနစ်နှစ်ခုဟာ အပြန်အလှန် ဆက်သွယ်မှု ရှိနေပြန်ရော။ ဒါက သီးခြားအပိုင်းဖြစ်နေလို့ ထည့်မဆွေးနွေးတော့ပါ)။ အစစအရာရာကို ပုံသေနည်းကျလုပ်ကြမယ့် သဘောဖြစ်နေတယ်။ ဒီတော့ လိုအပ်တာထက်ပိုပြီး ချုံ့ထားသလို over simplified ဖြစ်သွားတတ်တယ်။ ပြောမယ်ဆိုရင် ပြောစရာဖြစ်နေတဲ့ သ

သဘောပဲ။ ဒါပေတဲ့ အရေးကြီးတဲ့ ပညာရပ်အခြေခံ အဆုံးအဖြတ်ပေးတဲ့ အဆောက်အအုံတွေမှာ အစဉ်အလာ ယုတ္တိဗေဒကို လိုအပ်သလို ချဲ့ထွင်၊ မွမ်းမံပြီး သုံးနေကြတုန်းပဲ။ အသုံးကလည်း တည့်နေတုန်းပဲ။ အစဉ်အလာ ယုတ္တိဗေဒမှာ “ ပြောင်းလဲခြင်း ” ကို ထည့်မစဉ်းစားခဲ့ဘူးဆိုတာ သိနေမှ တော့ ကိုယ်က ကိုယ့်နည်းကိုယ်ဟန်နဲ့ ပြုပြင်သုံးစွဲလို့ ဖြစ်တာပဲ ။ ဓာတ်ဆီကုန်လို့ ကားရပ်သွားတယ်ဆိုတာ သိနေမှ တော့ ဓာတ်ဆီဝယ်ထည့်ရုံပဲပေါ့။

ဒိုင်ယာလက်တစ်စနစ် သုံးစွဲတဲ့ ယုတ္တိစနစ်မှာ လည်း အဲဒီလိုပဲ၊ ပြီးပြည့်စုံမှုမရှိဘူးလို့ ဆိုလာကြပြန်တယ်။ အများ သိခဲ့တဲ့ အတိုင်း ဒိုင်ယာလက်တစ်ဆိုတာကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာရင် ဂရိဘာသာစကား Dia+legein က လာတာပဲ။ “ အပြန်အလှန် နှီးနှောတယ် ” ဆိုတဲ့ သဘောပဲ။ တချို့က “ အချေအတင် ငြင်းခုံတယ် ” လို့ မြန်မာလို ယူကြတယ်။ ဒါလည်း အနက်ယူလွဲပြီး နားလည်ထားတဲ့ သဘောပဲ။ အချေအတင်ပြောပြော၊ ငြင်းခုံငြင်းခုံ ရလဒ်က တစ်ဦးတစ်ယောက်ရဲ့ အပြော၊ အငြင်းဟာ အနိုင်ရလို့ အတည်ပြုရတဲ့ သဘော။ အပြောအဆိုနဲ့ အနိုင်ရတဲ့ သဘောက Rhetoric ရဲ့ သဘော။ ငဖြူနဲ့ ငနီ အကြောက်အကန်ပြောရာမှာ ငနီကနိုင်လို့ ငနီပြောတာကို အတည်ပြုသဘောတူ လက်ခံတဲ့ ရလဒ် (နိဂုံးချုပ်အဆို)နဲ့ ငဖြူနဲ့ ငနီဟာ တစ်စုံတစ်ရာနဲ့ ပတ်သက်လို့ အပြန်အလှန် နှီးနှောရာက ရတဲ့ ရလဒ် (အဖြေကတစ်မျိုး။ နှီးနှောရာက ရတဲ့ ရလဒ် တစ်စုံတစ်ရာမှာ ငဖြူနဲ့ ငနီရဲ့ အမြင် ၊ ရှုထောင့်၊ အဆို၊ သိမှတ်နားလည်တဲ့ အချက်အလက်တွေပါတယ်။ အချေအတင်ပြောတဲ့ ငြင်းတဲ့ ရလဒ်မှာ နိုင်တဲ့ လူရဲ့ အမြင်ရှုထောင့်၊ အဆိုသိမှတ်နားလည်တဲ့ အချက်အလက်ပဲပါတယ်၊ ကွာတယ်။ ဒိုင်ယာလက်တစ်ဟာ အပြန်အလှန်နှီးနှောတဲ့ သဘောပဲ။ ရှေးဦးဂရိလက်ထက်မှာ

အေလျှာကဇီနို Zeno of Eles ကစတယ်လို့ ဒဿနိကဗေဒရဲ့ သမိုင်းထဲမှာ ပါတယ်။ ဆော့ခရိတိတို့၊ အယ်ရစ်စတော်တယ်တို့ လည်း သုံးခဲ့တဲ့ နည်း။ နောက်တော့ ဂျာမန်တွေးခေါ်ရှင် ကန့် Immanuel Kant လည်း သုံးတယ်။ (အကျယ်ကို ကန့်ရဲ့ Kritikder reinen Vernunft မှာ ကြည့်ပါ)။ တွေးခေါ်ရှင် ဟေဂလ် Hegel ကလည်း သုံးတယ်။ သုံးပုံချင်း တော့ ကွာတယ် ဟေဂလ်ရဲ့ ဒိုင်ယာလက်တစ်ကို အသုံးပိုတည့်အောင် လုပ်ခဲ့တာ ဂျာမန်တွေးခေါ်ရှင် Joseph Dietzgen လို့ မဲ့(က)က ဆိုတယ် ။ မြန်မာပြည်မှာ တော့ ဒိုင်ယာလက်တစ်ဆိုရင် ဟေဂလ်မှ ဟေဂလ်ပဲ ( ဒီအထဲမှာ အပြာစာအုပ်လက်ကိုင်တုတ်အဖြစ် ထားရတဲ့ အချိန်က ကျွန် တော့်ဆရာ ဦးသာဒင်ကလည်း ဟေဂလ်မှ ဟေဂလ်ပဲ၊ ငြင်းလို့ ကိုမရ ဘူး)။ သည့် ပြင်ဒိုင်ယာလက်တစ်နဲ့ ဒိုင်ယာလက်တစ်ကလ် မတီရီရယ် လစ်ဇင် Dialectical Materialism နဲ့ မကွဲဘူး။ (အဲဒီလိုပဲ ရီရယ်လစ်ဇင်နဲ့ မဲ့ကစစ်ဆိုရှယ်လစ်မတီရီရယ်လစ်ဇင် Marxist Socialist Realism နဲ့ မ ကွဲကြဘူး။ ခုထိဝေဖန်နေကြတာတွေ ဖတ်နေရသေးတယ်)။

ဒိုင်ယာလက်တစ်ဟာ တကယ်တော့ (ခပ်လွယ်လွယ်ပြောရရင်) ဆ န့်ကျင်ဘက် အခြေပြု ယုတ္တိစနစ်ပဲ။ ရှေးကတော့ အလံဖြူ၊ အလံနီ မြန် မာ့ကွန်မြူနစ်ပညာရှင်ကြီးများ ။ ပြင်သစ်ပြန် မြန်မာ့ဆိုရှယ်လစ် ပညာ ရှင်ကြီးများကတော့ ဒိုင်ယာလက်တစ်ကို ဘုရားသံ၊ တရားသံပါပါနဲ့ ပါ ဠိစာလုံးတွေကိုသုံးပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ မြန်မာမှု ပြုကြပါတယ်။ ဟိုတစ်ခါကတော့ ဟုတ်ပါတယ်။ Business ကိုဘီဇနက်၊ Education ကို အက်ဂျူကေးရှင်းလို့ ရေးကြတဲ့ ခုခေတ်။ မြန်မာစကားကို ကယ်ရစ်ဘီ ယံအသံနဲ့ အသံထွက်ပြီး စင်ပေါ်တက် ရက်(ပ)ဆိုရင်း တစ်မျိုးသားလုံး ကို စော်ကားနေတာတောင် ခွင့်ပြုထားနိုင်တဲ့ ခုခေတ်ကာလကြီးထဲမှာ တော့ ဒိုင်ယာလက်တစ်ကို ဒိုင်ယာလက်တစ်လို့ ပဲ ခေါ်ကြပါစို့ရဲ့ ။ အစ

ဉ်အလာ ယုတ္တိဗေဒမှာ ပြောင်းလဲခြင်းကို ထည့်မစဉ်းစားခဲ့ဘူး။ နေရာမ ပေးနိုင်ခဲ့ဘူးလို့ ဆိုခဲ့ကြပေတဲ့ ဒိုင်ယာလက်တစ်ကိုတော့ အဲဒီလို မဆိုဝံ့ကြဘူး။ ဒိုင်ယာလက်တစ်အခြေခံ ယုတ္တိစနစ်ဟာ ပြောင်းလဲခြင်း ကို အဓိကထား တင်ပြခဲ့တယ်။ ခပ်လွယ်လွယ် ရှင်းပြရရင် ပြောင်းလဲခြ င်းအခြေခံ ယုတ္တိစနစ်ထဲမှာ (က) အရေအတွက်က အရည်အချင်းကို ပြောင်းတယ်။ ဘာလို့ ပြောင်းသလဲဆိုတော့ (ခ) အတွင်းသားထဲမှာ ရှိ နေတဲ့ ဆန့်ကျင်ဘက်အစုံစုံတို့ ရဲ့ အားပြိုင်မှုအရ ပြောင်းလဲတာပဲ။ ပြော င်းလဲပုံက(ဂ) ဆန့်ကျင်ဘက်တို့ ရဲ့ အားပြိုင်မှုက အင်အားသာတဲ့ ဆန့် ကျင်ဘက်က ရှုံးနိမ့်သွားတဲ့ ဆန့်ကျင်ဘက်တို့ ကို အုပ်စီးပြီး (ပေါင်းစည်းမိရာက မျိုလိုက်တဲ့ သဘောပဲ) ရလဒ်အဖြစ် အမျိုးအစားသ စ်တစ်ခု (ကနဦးဆန့်ကျင်နေမှုနှစ်ခုတို့ ကို အခြေခံတဲ့ သီးခြားဟာတစ်ခု (တတိယအမျိုးအစားတစ်ခု) ပေါ်လာတာပဲ။ အနက်ယူမမှားဖို့ က တတိ ယဟာ (Synthesis ကိုဆိုလိုတာ) ထဲမှာ ပထမနှစ်မျိုးရဲ့ ပေါင်းစည်းထား မှု သဘောလည်း ပါနေတယ်ဆိုတာပါ။ ဒါကြောင့် လည်း ဒိုင်ယာလက် တစ်ဟာ အစဉ်အလာ ယုတ္တိဗေဒလို တစ်ခုမဟုတ်တစ်ခု Either/Or သ ဘောမဆောင်တော့ဘဲ နှစ်ခုစလုံးနဲ့ အတူ Both/And သဘောဆောင်သွားတယ်။ ပညာရှိများကတော့ မူလ Thesis ပတိ Antit hesis နဲ့ သမူဟ Synthesis လို့ ခေါ်ကြပါတယ်။ ဒိုင်ယာလက်တစ်မှာ အ စဉ်အလာ ယုတ္တိဗေဒလို ပြောင်းလဲခြင်းကို ထည့်မစဉ်းစားတာမျိုး မဟု တ်တော့ဘဲ ပြောင်းလဲခြင်းကိုချည်း ရှေ့တန်းတင်နေတဲ့ အတွက် ပြောင်းလဲခြင်းဟာ မရပ်တန့်တော့ဘူး။ ဒိုင်ယာလက်တစ် ယုတ္တိစနစ် သဘောအရ ဆန့်ကျင်ဘက်တို့ ရဲ့ အားပြိုင်မှုအရ ပေါင်းစည်းသွားပြီး အသစ်တစ်စုံတစ်ရာ ဖြစ်ပေါ်တယ်ဆိုပေတဲ့ တကယ့်အဖြစ်အပျက်တွေ အတွင်းမှာ ပြောင်းလဲခြင်း အားပြိုင်ခြင်းအတွင်းမှာ အမြဲတမ်း ရှုံးနိမ့်မှု

တွေ တစ်ဖက်သတ်အောင်နိုင်မှုတွေ ရှိနေတယ်။ ဆန့်ကျင်ဘက်လို့ မြန်မာဘာသာစကားအရ သုံးစွဲရပေတဲ့ ၊ အစားထိုးလိုတဲ့ သဘော Replacement မျိုးမဟုတ်။

စပ်လျဉ်းနေလို့ တစ်ခုရေးချင်ပါသေးတယ်။ ကျွန်တော်တို့ မြန်မာပြည်မှာ ပညာတတ်အမည်ခံ (ဒါမှ မဟုတ် မာ့(က)ဝါဒ ကျွမ်းကျင်နေသူအမည်ခံ) တချို့က ဒိုင်ယာလက်တစ်အကြောင်း ပြောလေတိုင်း ပြောလေ့ရှိတဲ့ ဥပမာတစ်ခုရှိပါတယ်။ သစ်ပင်၊ သစ်စေ့ရဲ့ ဥပမာပါပဲ။ ဥပမာအနေနဲ့ မမှားပေမယ့် များ သောအားဖြင့် အနက်ယူပုံက မှားနေကြတယ်။ မျိုးဆက်သစ် ဖြစ်ပေါ်ခြင်း အစဉ်အလာနဲ့ သစ်စေ့ရဲ့ အတွင်းမှာ အားပြိုင်နေတဲ့ အနေအထားအကြောင်း မပြောဘဲ သစ်စေ့က ဆန့်ကျင်ငြင်းဆိုလိုက်လို့ သစ်ပင်ဖြစ်လာတယ်လို့ ပဲ ပြောကြ၊ ဆိုကြလေ့ ရှိပါတယ်။ သစ်ပင် အညှောက်ပေါက်တာဟာ အပြုအမူအသစ်တစ်ခု ဖြစ်လာတာပဲ၊ ပြောင်းလဲမှုတစ်ခုပဲ။ တကယ်တော့ သစ်စေ့အတွင်းမှာရှိတဲ့ ညီညွတ်မျှတနေတဲ့ ပေါင်းစည်းမှု ( Unity လို့ လွယ်လွယ်ခေါ်နိုင်ပါတယ်) ဆက်လက်ပြီး ထိန်းထားလို့ မရတဲ့ အခြေအနေရောက် လာပြီး နောက်ထပ် ပေါင်းစည်းမှု အသစ်တစ်ရပ်ပေါ်လာတာပဲ။ ဒါကြောင့် လည်း Synthe –sis လို့ ခေါ်ကြတာ။ အသစ်ဖြစ်ပေါ်လာတဲ့ အထဲမှာ အဟောင်းဟာ လုံးဝချုပ်ငြိမ်းသွားတယ်။ (ဆိုလိုတာက ဥပမာပေးထားတဲ့ သစ်စေ့ဟာ ချုပ်ငြိမ်းသွားတယ်၊ သေသွားတယ်) ဆိုတဲ့ နားလည်မှုမျိုးဟာ မြန်မာနိုင်ငံက “ ဒိုင်ယာလက်တစ်မှာ ငါဆရာ ” အမည်ခံတချို့ရဲ့ ရှင်းလင်းချက်တွေမှာ တွေ့ရတတ်တယ်။ တကယ်တော့ whatever is negated will condition or inform the new form ပဲ (ကျွန်တော်ပြောတာ မဟုတ်ပါ၊ ဖတ်ချင်ရင် D’ Andrade, P.& Johnson,D ရဲ့ “ Dialectics and Trialectics မှာ ရှာဖွေဖတ်ကြပါ) ဒိုင်ယာလက်တစ်ရဲ့ ဆင်ခြင်ပုံ

ကိုသာ နားလည်ပြီး နေ့စဉ်ဘဝနဲ့ ဆက်စပ်အသုံးမချတတ်ရင်ဖြင့် Synthesis ရဲ့ အနေအထားကို ပုံသေထားပြီး တွေးတတ်ကြတာချည်းပဲ။ တကယ်တော့ Synthesis is progressive in that it contains what went before ပဲ။ ပြဿနာတစ်ခုက နေ့စဉ်ဘဝထဲက အပြုအမူ၊ အားထုတ်မှုစတာတွေဟာ Synthesis အနေအထားကို ရောက်မလာနိုင်တာတွေ ရှိနေတဲ့ ကိစ္စပဲ။ ဥပမာပြရရင် ကနေ့ကမ္ဘာ့နိုင်ငံရေးလောကရဲ့ ဖြစ်စဉ်တစ်ခုကို ကြည့်ပါ။ ဒီဖြစ်စဉ်ထဲမှာ ကိုလိုနီဝါဒသစ် အမေရိကန်ကို မတော်မတရား ပြုကျင့်ခံရတဲ့ နိုင်ငံငယ်တွေက ဆန့်ကျင်အားပြိုင်မှု ဖြစ်နေကြပေတဲ့ ၊ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတကာ ဆက်ဆံရေး ပေါ်မလာဘဲ ဒုံရင်းကကို မတက်နိုင်ဘူး။ အမေရိကန်ဆက်ပြီး မတော်မတရား လုပ်နိုင်နေသလို ခံနေရတဲ့ နိုင်ငံငယ်တွေကလည်း ခံနေရတုန်းပဲ။ ပြောင်းလဲမှုဟာ နှစ်ဖက်စလုံးရဲ့ အတွင်းမှာ ရှိနေလို့ အဆုံးမရှိတဲ့ ပြောင်းလဲမှုသဘောသာ ရလဒ်သစ်တစ်ခုအဖြစ် ပြန်ပေါ်ပေါက်လာတယ်။ မလွှဲမရှောင်သာတဲ့ ငြင်းဆိုမှုဆန့်ကျင်ဘက်တွေသာ တိုးလာတယ်။ အရေအတွက် တိုးလာပေတဲ့ အရည်အချင်းသစ်က ပေါ်မလာဘူး။ ဒီနေရာမှာ အနက်ယူမလွဲစေချင်ဘူး။ အရည်အချင်းသစ်ဟာ “ တစ်ဖက်ဖက်ကနိုင်တာ ” ကိုဆိုလိုတာ မဟုတ်ဘူး ။ “ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတကာဆက်ဆံရေး တစ်ခု ” ပဲ။ ဒိုင်ရာလက်တစ် နည်းလမ်းတကျ တွက်ဆရင် ထွက်လာဖို့ ကောင်းပြီ။ ဒါပေတဲ့ ထွက်မလာနိုင်ဘူး။ ဒီလိုအခြေအနေတွေ များ လာတော့ ပညာရှင်တွေအနေနဲ့ ဒိုင်ရာလက်တစ်ကို အားမရနိုင်ဘူးလို့ ဖြစ်လာတာပဲ။

ဒိုင်ရာလက်တစ်အရ တွေးခေါ်စိစစ်ရာမှာ လစ်ဟာနေတဲ့ အချက်တစ်ခုက ပြောင်းလဲခြင်းအတွင်းမှာ ရှိနေနိုင်တဲ့ ပြောင်းလဲမှုပုံစံပဲ။ အစီအစဉ်တကျ ပြောင်းလဲပုံကို လက်ခံထားတဲ့ အတွက် ပြောင်းလဲခြင်းဟာ ဆ

က်စပ်ဖြစ်ပေါ်မှု Continuity အရပဲ။ ဒီဘက်ခေတ်မှာ (သေသွားပြီဖြစ်တဲ့ ) ပြင်သစ်တွေးခေါ်ပညာရှင် ဖူကိုး Michel Foucault ပြောတဲ့ စဉ်ဆက်ပြတ် ဖြစ်ပေါ်မှုသဘော Discontinuity ကိစ္စမျိုး ဝင်လာရင် ဒိုင်ရာလက်တစ် ကျွမ်းပစ်တော့တာပဲ။ သည့် ပြင် ဒိုင်ရာလက်တစ်မှာ လက်ခံထားတဲ့ ဆန့်ကျင်ဘက်ရဲ့ အားပြိုင်မှုသဘောက (စနစ်၊ အဖြစ်အပျက်၊ အဖွဲ့အစည်း......စတာတွေရဲ့ ) အတွင်းမှာ အားပြိုင်တာဆိုတော့ တောက်လျှောက် Linear ဖြစ်ပျက်နေတဲ့ (ပုံစံ) အတွင်းမှာ ပြဿနာမရှိပေတဲ့ တောက်လျှောက် (ဆင့်ကဲ) ဖြစ်ပေါ်မှု Non-linear မရှိတဲ့ အခါ မျှော်လင့်ထားတဲ့ ရလဒ် (အဖြေ) တစ်စုံတစ်ရာ မရနိုင်ဘူး။ အဓိကဆိုလိုတာက အတွေးအခေါ် စနစ်တစ်ခုကို အခြေခံပြီး အဖြေထုတ်ရတဲ့ မဟာဗျူဟာကိစ္စတွေ အဖွဲ့အစည်းဆိုင်ရာ အခြေခံပြီး လုပ်ရတဲ့ ကိစ္စတွေမှာ မကိုးစားနိုင်တဲ့ အနေအထားကို ရောက်သွားတတ်တယ်။ ရှေ့မှာ ပြခဲ့တဲ့ ဥပမာကိုပဲ ပြန်ကြည့်ရင် ဒိုင်ရာလက်တစ် နည်းလမ်းတကျ ရှင်းလို့ ရတာတစ်ခုက “ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတကာ ဆက်ဆံရေးတစ်ခု ” ထွက်မလာနိုင်တာက အဲဒီအဖြစ်အပျက်အတွင်းမှာ ရှိနေတဲ့ ညီညွတ်မှုသဘော (အစဉ်ပြနေတာတွေ)ဟာ ဆက်ပြီးညီညွတ်နေလို့ ပဲ။

Synthesis အနေအထား (ရလဒ်) ပေါ်ပေါက်ဖို့ က အဲဒီအဖြစ်အပျက် (ဖြစ်စဉ်)ဟာ ဆန့်ကျင်မှုနှစ်ခုရဲ့ ညီညွတ်နေခြင်းကို ထိန်းမထားနိုင်မှ ပေါ်လာမှာ ။ ဒီတော့ ဒီအဖြစ်အပျက် (ဖြစ်နေခြင်း)အပေါ် ပြင်ပက ပါဝင်ပတ်သက်နေမှုကို ထည့်စဉ်းစားစရာ လိုတယ်။ ပြင်ပရဲ့ ပါဝင်ပတ်သက်မှုဟာ ဒီလိုဖြစ်ပျက်နေခြင်းကို အထိုက်အလျောက် ပဋိပက္ခတိုးစေနိုင်တာတော့ အမှန်ပဲ။ ဒါပေတဲ့ ပြောင်းလဲခြင်းကို ဖြစ်စေနိုင်တဲ့ အထိ ခရီးမတွင် ဘူး။ “ ပိုမိုကောင်းမွန်တဲ့ နိုင်ငံတကာ ဆက်ဆံရေးတစ်ခု ” ဟာ ဒီအဖြစ်အပျက် (ဖြစ်စဉ်) အကြားမှာ ပေါ်ပေါက်လာနိုင်တာက ဖြစ်နေခြ

င်းကို လက်ခံထားခြင်းဖြင့် ဒီအဖြစ်အပျက်ကို ကျော်ဖြတ်သွားတဲ့ အခြားအားထုတ်မှုတစ်ခုပဲ။ ထည့်ရှင်းစရာလိုနေတဲ့ တခြားအချက်တစ်ခုက Synthesis မှာ အကောင်းကြီးပဲ ဖြစ်ရမယ်လို့ ဒိုင်ရာလက်တစ်အရ မဆိုလိုဘူး။ (မြန်မာပြည်မှာ တော့ ဒိုင်ရာလက်တစ် ကလ်မတီရီရယ်လစ်ဇင် Dialectical Materialism ကို ဒိုင်ရာလက်တစ်နဲ့ ရောထွေးနားလည်ထားတဲ့ သူအချို့က အကောင်းချည်းပဲဖြစ်မယ်။ Synthesis ဟာ တိုးတက်မှုတစ်ခုပဲလို့ လက်ခံထားတာ တွေ့ဖူးပါတယ်)။ ခုတင်ပြခဲ့တာ နမူနာသဘောပါ။ ဒီထက် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးရင် ရှုပ်ကုန်မှာ မို့ ဒီနေရာတင်ပဲ ရပ်ခဲ့ပါရစေ။ အဓိကဆိုလိုတာကတော့ ဒိုင်ရာလက်တစ် တွေးခေါ်နည်းဟာ မလုံလောက်ဖူးလို့ ဆိုနိုင်ပေတဲ့ ဒီကနေ့ခေတ် ကာလကြီးထဲမှာ အသုံးမတည့်တော့ဘူး၊ ကျန်ရစ်ခဲ့ပြီးရယ်လို့ တုတ်ထိုးအိုးပေါက် မပြောနိုင်သေးပါဘူး။ ထရိုင်ယာလက်တစ်ကို တင်ပြတဲ့ အစ်(ချ)ဟာဇိုကိုယ်တိုင်ကလည်း ငါတကောကောပြီး သူ့အတွေးအခေါ်စနစ်သာ မှန်တယ်လို့ မဆိုခဲ့သလို၊ သူ့အတွေးအခေါ်ကို လေ့လာကြတဲ့ ပညာရှင်တွေအနေနဲ့ လည်း အစဉ်အလာ ယုတ္တိဗေဒနဲ့ ဒိုင်ယာလက်တစ်ကို ပယ်တော့မယ်လို့ မဆိုကြပါဘူး။

ထရိုင်ယာလက်တစ်မှာ Material Manifestaton Point (ရှေ့မှာ ရေးခဲ့သလို ကျွန်တော်ကတော့ ရုပ်အခြေခံအားဖြင့် ဖော်ထုတ်ပြဆိုသော (ထို) တစ်ခဏ”လို့ ပဲ မြန်မာလို ခေါ်လိုက်ပါတယ်။ ရှေ့မှာ M.M.P လို့ ပဲ ရေးပါ့မယ်)ကို ရှေ့တန်းတင်ခဲ့ပေတဲ့ “ရုပ်အခြေခံအားဖြင့် ဖော်ထုတ်ပြဆိုသော…….” ထဲက ရုပ်အခြေခံဆိုတာက အကျယ်ကြီး။ ဟောန်သုံးတဲ့ အနက် ဖွင့်ပုံမျိုးနဲ့ ဆိုရင်“ ဖော်ထုတ်တင်ပြနိုင်သမျှသော အနေအထားများ ၊ အခြေအနေများ ၊ ဖြစ်ပေါ်မှုများအားလုံး All identifiable states, conditions, or occurrences ဖြစ်သည် ။ အရပ်စကားနဲ့ ပြောရရင်တော့

သဗ္ဗအလုံးစုံသော……ကနေပဲစရလိမ့်မယ်။ ရုပ်သက်သက်ဖြစ်တဲ့ ကျောက်တုံးတို့ ရေ၊ မြေ၊ တောတောင်တို့ ၊ သိမှုအခြေခံဖြစ်တဲ့ အတွေး အခေါ်တို့ ၊ စိတ်ကူးထည်တို့ ၊ စိတ်လှုပ်ရှားမှုအခြေခံဖြစ်တဲ့ စိတ်အနေ အထားတို့ ၊ ခံစားချက်တို့ ၊ လူရဲ့ အပြုအမူတွေဖြစ်တဲ့ ထိုင်တာ၊ ထတာ၊ သွားတာ၊ လျှောက်တာ။ အဲဒါတွေအားလုံး စွမ်းအား (စွမ်းအားတစ်စုံတ စ်ရာလို့ ဆိုရမှာ ပဲ။ ဒီစွမ်းအားတွေက စကြဝဠာလုံးဆိုင်ရာ အခြေခံတွေ လို့ အစ်(ချ)ဟာဇိုက ဆိုတယ်) ရဲ့ ရုပ်အခြေခံအားဖြင့် ဖော်ထုတ်ပြဆိုချ က်ပဲ။ တစ်နည်းပြန်ပြောရရင် စွမ်းအား (တစ်စုံတစ်ရာ)ရဲ့ ရုပ်အခြေခံ အားဖြင့် ဖော်ထုတ်ပြဆိုထားချက်တွေဟာ လူတွေခေါ်နေကြတဲ့ အရာဝ တ္ထုအဖြစ်အပျက်တွေပဲ။ ဒီဟာတွေ အားလုံးဟာ ကမ္ဘာကြီးနဲ့ အတွင်း သားအားဖြင့် ဆက်သွယ်မှု (ဆက်နွယ်)မှု ရှိနေကြတာချည်းပဲ။ စွမ်းအား ဟာ သမမျှတပြီး တည်ငြိမ်နေတဲ့ အခါ MMP တွေ ရုပ်တည်(တည်ငြိမ်) နေကြတယ်။ ပွိုင့်လို့ ခေါ်ဆို သတ်မှတ်ထားတဲ့ ဟာက အဲဒီလို တည်ငြိမ် နေတဲ့ ကာလတစ်ခုပဲ။ ဒီကာလဟာ နောက်ထပ် ပြောင်းလဲခြင်းတစ်ခု ဖြစ်မလာမချင်းဘဲ။ ဘယ်လောက်ကြာမယ်လို့ ဘယ်သူမှ မပြောနိုင်ဘူး။ ဒီကိစ္စဟာ စကြာဝဠာနဲ့ ဆိုင်တဲ့ ကိစ္စ။ သမမျှတပြီး တည်ငြိမ်နေတယ်ဆို ပေတဲ့ လည်း ထရိုင်ယာလက်တစ်မှာ လက်ခံထားပုံက ရုပ်တန့်(တည်ငြိ မ်) နေပုံမျိုး မဟုတ်ဘူး ။ စွမ်းအားတစ်စုံတစ်ရာက သမမျှတပြီး တည်ငြိ မ်နေအောင် စွမ်းအားထုတ်လုပ်ပေးတဲ့ သဘော။ စွမ်းအားပေးနေတာ ဟာ အကြောင်းကြောင်းကြောင့် ဖြတ်တောက်ခံရလို့ ပြတ်တောက်သွား ခဲ့ရင် MMP ဟာတခြား MMP ကို ခုန်သွားတော့တာပဲ။ MMP တစ်ခုကနေ တစ်ခုကို ကူးပြောင်းသွားတာ (ခုန်သွားတာ) ဟာ သီးခြားစီရုပ်တည်နေ တဲ့ "ရှင်သန်မှု"နဲ့ " ဆွဲဆောင်မှုရှိခြင်း " သဘောတို့ ရဲ့ အပြန်အလှန် ဆ က်သွယ်မှုတစ်ရပ်ကြောင့် ပဲလို့ ဆိုတယ်။ " ရှင်သန်နေမှု" ဆိုတာက

တော့ လွယ်လွယ်ဆိုရရင် တစ်စုံတစ်ရာ ဖြစ်နေခြင်းပဲ။ ဥပမာဘာရယ်လို့ သိချင်တာ၊ ကြားချင်တာ စတာတွေဟာ ရှင်သန်ဖြစ်ပေါ်နေမှုတွေပဲ။ ဒီလိုဟာတွေ တစ်ခုခုကြောင့် “ ဆွဲဆောင်မှုရှိတယ် ” ဆိုတာ ပေါ်လာတာပဲ။ အစားစားချင်တယ်ဆိုတာက ဆာနေတဲ့ လူမှာ ပေါ်ပေါက်လာတဲ့ ဆွဲဆောင်မှုပဲ။ တစ်နည်းဆိုရရင် ဗိုက်ပြည့်နေတဲ့ လူကို အစားအစာ ( စားစရာ) တစ်ခုခုက မဆွဲဆောင်နိုင်ဘူး။ “ ရှင်သန်မှု ” နဲ့ “ ဆွဲဆောင်မှုရှိခြင်း ” တို့ ဟာ သမမျှတပြီး တည်ငြိမ်နေတဲ့ အခါ အနေအထားသစ်၊ အခြေအနေသစ်တစ်ခု ပေါ်မလာနိုင်ဘူး။ ဒီတော့ ထရိုင်ယာလက်တစ်မှာ “ပြောင်းလဲခြင်း”တစ်စုံတစ်ရာဖြစ်ဖို့ အတွက် နားလည်လက်ခံထားရမယ့် အခြေခံတွေ အများကြီးပဲ။ အဲဒီအများကြီးတွေထဲမှာ ဆင်ခြင်တုံတရားအရ ထိန်းချုပ်လက်ခံမထားနိုင်တာတွေက ပါနေပြန်သေးတယ်။ ရှေ့မှာ တင်ပြခဲ့တဲ့ စကြဝဠာကြီးနဲ့ ဆိုင်တယ်ဆိုတာမျိုး။

အခုတင်ပြခဲ့တဲ့ ထရိုင်ယာလက်တစ် သဘောဟာ ပုံကြမ်းပဲ။ အသေးစိတ်ရှင်းရရင်တော့ ဆရာနတ်နွယ်ရဲ့ မြန်မာပြည်မြောက်ပိုင်းလောက်ရေးမှ ပဲ။ ခုရေးခဲ့တာတွေကိုလည်း စာဖတ်သူတိုင်း၊ သဘောပေါက်ချင်မှ ပေါက်မယ်။ မပေါက်ရင်လည်း မပေါက်တဲ့ သူရဲ့ အပြစ်ပဲလို့ ကျွန်တော်မထင်ဘူး။ ယုတ္တိဗေဒ အနောက်တိုင်း အတွေးအခေါ်စနစ်ရဲ့ အခြေခံတချို့ နားလည်ထားပြီးတဲ့ သူတွေအတွက်တော့ ပိုပြီးနားလည်လွယ်မယ်လို့ ထင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် အနောက်တိုင်းအတွေးအခေါ်ထဲက ယုတ္တိစနစ်သုံးခုကို အကြမ်းထည် မြင်လိမ့်မယ် ထင်ပါတယ်။ ခုချိန်အထိတော့ ဘယ်ယုတ္တိဗေဒကဖြင့် ဒီနေ့ဒီကာလကြီးမှာ လက်ခံရမယ့် ယုတ္တိဗေဒ The Logic ပဲလို့ ဘယ်ပညာရှင်ကမျှ အာမမခံနိုင်ကြသေးဘူး။ မခံနိုင်ရတာက ဘယ်လိုအသုံးချသလဲဆိုတာမှာ တည်နေလို့ ပဲ။ တ

ကယ်လို့ ပညာရပ်ဆိုင်ရာ အဆောက်အအုံ တစ်ခုခုထဲမှာ အဆို (သီဝရီ) တစ်စုံတစ်ရာကို အခြေခံထားပြီး ပိုင်းခြားကန့်သတ် လေ့လာမှုပြုတာမျိုး (ဆိုလိုတာက Theoretical framework တစ်ခုခုနဲ့ လေ့လာတာမျိုး) လုပ်ခဲ့ရင် လုပ်တဲ့ အကြောင်းအရာကို လိုက်လို့ ယုတ္တိပုံစံတွေကို ထုတ်သုံးရတော့မှာ ပဲ။ ဘယ်ဟာကို ဘယ်လိုသုံးသုံး အစဉ်အလာ ယုတ္တိဗေဒကို မသိဘဲနဲ့ ဘယ်ကိုမျှ ခရီးမဆက်နိုင်ဘူး။ သည့် ပြင် ဒိုင်ရာလက်တစ် နည်းလမ်းတကျ ဆင်ခြင်ကြည့်တာဟာ အစဉ်အလာ ယုတ္တိဗေဒကိုသုံးပြီး ဆင်ခြင်ကြည့်တာထက် “ သာတယ် ” “ကောင်းတယ်” “ ပိုမိုသင့်လျော်တယ် ” လို့ ပြောနိုင်ဖို့ ဒိုင်ယာလက်တစ်ကို သိရုံနဲ့ မပြီးဘူး။ အစဉ်အလာ ယုတ္တိဗေဒကိုပါ သိဖို့ လည်း လိုသေးတယ်။ မျက်နှာလွှဲခဲပစ် ပြောလို့ ရတဲ့ ကိစ္စမျိုးမဟုတ်ပါဘူး။ ဆိုခဲ့ပြီးတဲ့ အတိုင်းအဆို ( သီဝရီ) တစ်စုံတစ်ရာကို အခြေခံထားပြီး ပိုင်းခြားကန့်သတ် လေ့လာမှုပြုတဲ့ ဟာကို ပြည့်ပြည့်ဝဝ နားလည်ရဲ့ လား။ သဘောပေါက်ရဲ့ လား ဆိုတာကလည်း လိုအပ်သေးတယ်။ အစဉ်အလာယုတ္တိဗေဒကို မလုံလောက်တော့ဘူးလို့ ဘယ်လိုချည်းပြောပြော (တကယ်တမ်းမှာတော့ အဲဒီလိုပြောကြတာ တကယ့်ပညာရှင်တွေ မဟုတ်ကြဘူး။ အများစုက ပညာရှင်တွေ ရေးတာကို ဟိုနားကဖြတ်ဖတ်၊ ဒီနားကဖြတ်ဖတ်လုပ်ပြီး၊ ပညာရှင်၊ ပညာရှိယောင်ယောင် ငနဲတွေပဲ။ သေသွားတဲ့ ရန်ကုန်တက္ကသိုလ် ဒဿနိဗေဒဌာနက ဆရာဦးခင်မောင်ဒင် သုံးတဲ့ စကားလုံးသုံးရရင်တော့ “ ဖိုးတိ ” တွေပဲ။ တို့ တို့ တိတိပဲ သိတဲ့ လူမျိုးတွေ)။ အစဉ်အလာ ယုတ္တိဗေဒနဲ့ ကင်းပသွားကြလို့ မရနိုင်တော့ဘူး။

ဥပမာ ထရိုင်ယာလက်တစ်ဟာ ဘယ်သို့ဘယ်ပုံ ကောင်းတယ်။ အစဉ်အလာ ယုတ္တိဗေဒ ထက်သာတယ်။ ဒိုင်ယာလက်တစ်ထက် ကောင်းတယ်လို့ တစ်ယောက်ယောက်ကပြောရင် အဲဒီတစ်ယောက်ယောက်ဟာ

ဘယ်သူလဲဆိုတာ ကြည့်ဖို့ လိုတယ်။ အဲဒီလူဟာ ယုတ္တိဗေဒပညာနဲ့ ဖြစ်ဖြစ်၊ အနောက်တိုင်း အတွေးအခေါ် စနစ်တွေနဲ့ ပဲဖြစ်ဖြစ် ကျွမ်းကျင်တယ်။ ပြောနိုင်၊ဆိုနိုင်တယ်လို့ လက်ခံထားတဲ့ လူ။ ဒဿနိကဗေဒ ပညာရပ်ပို့ချပေးနေတဲ့ လူ၊ ပါမောက္ခ...စတဲ့ လူတစ်ဦးတစ်ယောက် မဟုတ်ဘဲ ထင်ရှားတဲ့ စာရေးဆရာ ၊ ရုပ်ရှင်မင်းသားပြည်ကြီးဒါလီ. .. စတဲ့ လူတစ်ဦးတစ်ယောက် ဖြစ်နေခဲ့တယ် ဆိုကြပါစို့။ အဲဒီလူက ပြောလို့ မှန်တယ်လို့ လက်ခံတာဟာ ယုတ္တိဗေဒအရတော့ အမှားတစ်ခုပဲ။ Argumentum ad Verecundium ပဲ။ Snob appeal ad populum လို့ လည်းခေါ်နိုင်တယ်။ နာမည်ကြီးတဲ့ လူ၊ ထင်ရှားတဲ့ လူမို့ ဒီလူပြောတာ မှန်တယ်လို့ လက်ခံတဲ့ အမှားပဲ။ ဒီယုတ္တိသဘောအရ လူတွေမှာ ပြောဆိုနိုင်ခွင့် ရပေတဲ့ သူရဲ့ ကျွမ်းကျင်နှံ့စပ်မှုမှာ တည်လို့ အခိုင်အမာ ပြောဆိုနိုင်တာရှိတယ်။ ယုတ္တိသဘောအရ လူတွေမှာ အမှားကိုကျူးလွန်တယ်ဆိုတာက ကျွမ်းကျင်နှံ့စပ်မှုမရှိဘဲ ပြောဆိုတဲ့ လူရဲ့ အဆိုအမိန့်ကို အမှန်ပဲ လက်ခံလိုက်တာဟာ The fallacy occurs when the reason for assenting to the conclusion is based on following the improper authority ပဲ။ အချက်အလက် ကောက်ယူလေ့လာတဲ့ သူတွေအနေနဲ့ သူတို့ သိချင်တဲ့ အနေအထားတွေ ပေါ်လာတာပဲ။ ပြေးကြည့်တာထက် တွေးကြည့်တာက ပိုမှန်တယ်ဆိုတဲ့ အတိုင်းပဲ။ ဥပမာ တာရိုးကျိုးသွားလို့ ယာခင်းတွေမှာ ရေလျှံနေတာကို လာပြီးလေ့လာတဲ့ လူကို နိုင်ငံတကာဆက်ဆံရေးမှာ ကျွမ်းကျင်တဲ့ ပညာရှင်က ရှင်းပြတယ်ဆိုကြပါစို့။ (အချက်အလက်အရ ဘယ်လောက်ကြီးပဲ မှန်နေပါစေ) ရှင်းပြခံရတဲ့ လူအနေနဲ့ သူ့ကို ရှင်းပြနေတဲ့ လူဟာ မကိုးစားထိုက်ဘူးလို့ လက်ခံပြီး နားထောင်နေတာပဲ။ လိုအပ်ရင် ကိုးစားထိုက်တဲ့ အချက်အလက်ကို ဘယ်ကရနိုင်မယ်ဆိုတာဟာ ရှင်းလင်းချက်ကို နားထောင်နေရင်း သူ့မှာ အဓိကကျတဲ့ စဉ်း

စားစရာအကြောင်းတစ်ခု ဖြစ်လာတော့တာပဲ။ ဒီဥပမာကို ဆက်သုံးပါရစေ။ လာပြီးလေ့လာတဲ့ လူက ရေလျှံလို့ ယာခင်းတွေ ရေမြုပ်ရုံတင်မကဘူး လူတွေအသေ၊ အပျောက်ရှိတယ်လို့ ကျုပ်ကြားတယ်။ ဟုတ်သလားလို့ မေးတယ်။ ဒီတော့ ရှင်းပြတဲ့ လူက ဒီသတင်းကတော့ ခင်ဗျားတို့ ဆီက လာတာပဲ။ ဘာမျှ ထောက်ထောက်ထားထား မရှိဘူး။ ဒီတော့ မဟုတ်ဘူး လို့ ပဲ ပြောရမှာ လို့ ဖြေတယ်လို့ ဆိုကြပါစို့။ ဒီအဖြေမျိုးကို လက်ခံရင် ယုတ္တိဗေဒအရ Argumentum as Ignorantium ကို ကျူးလွန်တာပဲ ။ ထောက်ထောက်ထားထား မရှိတာကို အခြေခံပြီး အဆိုကိုမှန်တယ်လို့ လက်ခံတဲ့ သဘောပဲ။ ဒီတော့ မေးတဲ့ လူက ဖြေတဲ့ လူရဲ့ အဖြေကို အတည်မယူတော့ဘူး။  ဒီနေရာမှာ ကျွန်တော်ဆိုလိုတာက  ယုတ္တိဗေဒဆိုတာ " လူအားလုံးသည် သေမျိုး ဖြစ်၏။ မောင်ဘသည် လူ ဖြစ်၏။ ထို့ကြောင့် မောင်ဘသည် သေမျိုး ဖြစ်၏ " ဆိုတာကလေးလောက်နဲ့ မပြီးဘူးဆိုတာပါ။ ဒါကြောင့် လည်း ဆင်ခြေစနစ်တစ်ခုခုကို လွယ်လွယ်နဲ့ မကောင်းဘူး။ ကာလအားဖြင့် ဆီလျော်အပ်စပ်မှု မရှိတော့ဘူး။ နှောင်းလို့ ၊ ဟောင်းသွားပြီမို့ ဂျောင်းလို့ မပြောသင့်ဘူး ဆိုတာပဲ။ (ဒီအသိအမြင်မျိုးကိုလည်း လူငယ်တွေ ခေါင်းထဲဝင်အောင် အားမထုတ်သင့်ဘူး။ ဒီလိုအဆိုမျိုးတွေကို ကျွန်တော်တို့ ဆီက ပို့စမော်ဒန် ဆရာကြီးတွေက ပြောဆိုရေးသား ခဲ့ပါသေးသကော)။

ပညာရပ်ဆိုင်ရာ လေ့လာမှုအနေနဲ့ မဟုတ်ဘဲ ယုတ္တိစနစ် တစ်စုံတစ်ရာကို  လူ့အဖွဲ့အစည်းထဲမှာ သုံးစွဲတယ်ဆိုရင် လူ့အဖွဲ့အစည်းကို တည်ဆောက်ထားပုံနဲ့ လည်း ဆိုင်သေးတယ်။ အသက်ကြီးတဲ့ လူကို ပြန်မပြောရဘူးဆိုရင် အရိုးဆုံး၊ အလွယ်ဆုံး ယုတ္တိစနစ်တစ်ခုခုကိုတောင် အသုံးချလို့ ရမှာ မဟုတ်ဘူး ။ " အသက်အရွယ်အားဖြင့် ကြီးရင့်ခြင်း" ဟာ ကန့်သတ်မှုတစ်ခု ဖြစ်ရုံမကဘူး စိတ်လှုပ်ရှားမှု အခြေခံ အသိတစ်

စုံတစ်ရာကိုလည်း တည်ဆောက်ပေးထားတာပဲ။ ဩော်သူက ငှါထက်အ သက်ကြီးပါကလားဆိုတဲ့ အသိဟာ ဆင်ခြင်တစ်စုံတစ်ရာ တည်ဆော က်ပြီး လူလူချင်းဆက်ဆံရမယ့်နေရာမှာ အတားအဆီး ဖြစ်သွားတော့ တာပဲ။ ရှေ့မှာ တင်ပြခဲ့တဲ့ အစည်းအဝေးရဲ့ သဘာပတိကြီးပြောသလို လူ့အဖွဲ့စည်း တော်တော်များ ထဲမှာ သာမန်ယုတ္တိစနစ်တောင် သုံးမဖြစ် နိုင်တာတွေ ရှိနေပါသေးတယ်။ ဒီတော့ ထရိုင်ယာလက်တစ်ကို ပညာရ ပ်ဆိုင်ရာ အဆောက်အအုံတွေထဲမှာ ပညာရပ်အခြေခံတွေနဲ့ လေ့လာမှုပြုရာမှာ (ဥပမာ Organisational management လိုဟာမျိုးပဲဖြစ်ဖြစ်) အသုံးပြုဖို့ အတွက် သိချင်တယ်။ သိစရာတစ်ခုပဲ ဆိုရင် ဘာမျှငြင်းစရာမလိုပါဘူး။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး လေက န်ရင်း ဘေးလူအထင်ကြီးအောင် ပြောဖို့ ဖြစ်ဖြစ်၊ သူတို့ အရေးကြီးတ ယ်ဆိုလို့ သူတို့ ဆီက ပညာရှင်ကြီးတွေက သိဖို့ လိုတယ်၊ လိုအပ်တယ် ဆိုလို့ ပဲဖြစ်ဖြစ်၊ သိချင်တယ် ဆိုရင်တော့ မသိတာက အများကြီး ကော င်းသေးတယ်လို့ ပဲ ပြောရလိမ့်မယ်။ ကျွန်တော်တို့ ဆီမှာ ခေတ်အဆက် ဆက် အတွေးအခေါ် တစ်စုံတစ်ရာကို (ဘယ်လိုစိတ်ကူး၊ ရည်စူးချက်နဲ့ ပဲဖြစ်ဖြစ်) မြန်မာ့လူ့အဖွဲ့အစည်းထဲ သွတ်သွင်းပေးချင်နေတဲ့ လူတွေ မေ့လျော့နေပုံရတဲ့ အချက် တစ်ခုရှိနေတာကို သတိထားမိပါတယ်။ အဲဒါက တံတားထိုးပေးဖို့ မေ့နေကြတာပဲ။ ကမ်းပါးနှစ်ခု ဆက်သွယ် ပေးဖို့ တံတားလိုပါတယ်။ အထူးသဖြင့် အတွေးအခေါ်ပညာရပ်၊ အသိပ ညာဖွံ့ဖြိုးရေးနည်းနာ စတာတွေဟာ ကွန်ပျူတာခလုတ်နှိပ်လိုက်လို့ စာကြောင်းတွေ ပေါ်လာတာမျိုး မဟုတ်ပါဘူး။ အခြေခံနဲ့ အဆက်အစပ် တွေကို သိဖို့ လိုပါတယ်။ ဖြတ်လမ်းက အတင်းတွန်းလို့ မရပါဘူး။ ထရိ ုင်ယာလက်တစ်ကို ဘယ်လိုရည်ရွယ်ချက်နဲ့ ပဲဖြစ်ဖြစ်၊ ဘယ်သူကဖြစ်ဖြ စ် မြန်မာ့လူ့အဖွဲ့အစည်းထဲကို ချပြခဲ့တယ်ဆိုရင် ကျေးဇူးတော့တင်ပါ

တယ်။ ဒါပေတဲ့ ဟိုစဉ်က ဒိုင်ယာလက်တစ်ကို လိုသလို အနက်ယူခဲ့ကြပြီး ထင်သလိုပြောခဲ့၊ ဆိုခဲ့ကြတာတွေကိုလည်း သတိရစေချင်ပါသေးတယ်။ အဲဒီတုန်းကပေးခဲ့တဲ့ အမြင်မှားတွေကိုလည်း အမြင်မှန်ဖြစ်အောင် ပြန်သိမ်းပေးနိုင်ရင်ဖြင့် ထရိုင်ယာလက်တစ်ကြီးကို ဘုမသိဘမသိ အတင်းဩဘာ လိုက်ပေးခိုင်းနေတာထက်ပိုပြီး အကျိုးရှိမယ်လို့ မြင်မိပါတယ်။ သည့် ပြင် အစဉ်အလာ ယုတ္တိဗေဒကိုပဲ ကျွန်တော်တို့ မြန်မာ့လူ့အဖွဲ့အစည်းကြီးရဲ့ နေ့စဉ် လူမှုဆက်ဆံရေး ဘဝအတွင်းမှာ လွယ်လွယ်ကူကူ၊ ပေါပေါများများ အသုံးချတတ်အောင် ဆောင်ကြဉ်းပေးနိုင်ရင်ဖြင့် ဆောင်ကြဉ်းပေးကြစေချင်ပါသေးတယ်။

*